## တီစွန့်ပစ်မြေဆွေးပြုလုပ်ရာတွင်အသုံးပြုနိုင်သော ပစ္စည်းများ

- ❖ လယ်ယာစွန့်ပစ်ပစ္စည်းများ (ပဲရိုး၊ ပြောင်းရိုး၊ ကောက်ရိုး စသည့် အပင်အကြွင်းအကျန်များ)
- ❖ ပဲရိုးပဲခွံများနှင့် ပဲပင်အကြွင်းအကျန်များ
- ❖ သီးနှံအခွံများ (ဖရဲသီးခွံ၊ ငှက်ပျောခွံ)
- ❖ ဟင်းသီးဟင်းရွက်အကြွင်းအကျန်များ (ဂေါ်ဖီထုပ်၊ မုန်းညှင်းရွက်)
- ❖ ပန်းမပွင့်မီပေါင်းပင်များ (မြက်မုံညင်း၊ ဝက်လာ)
- ❖ သစ်ရွက်ခြောက်၊ ငှက်ပျောအူ၊ ဗေဒါ၊ ကြံဖတ်၊ မြက်






## တီစွန့်ပစ်မြေဆွေးပြုလုပ်သည့်နည်းလမ်းများ

### ၁။ မြေကျင်းတူး၍ပြုလုပ်ခြင်း



၅ပေအကျယ်၊ ၃ပေအနက် မြေကျင်းတူး၍ ပလပ်စတစ် နှင့်အလုံကာပြီး တီကောင်မွေးမြူနိုင်သည်။ အရှည်ကို ကြိုက်နှစ် သက်သလို ထားနိုင်သည်။ မိုးရာသီတွင် ရေမဝင်စေရန် အမိုးအ ကာပြုလုပ်ထားပြီး ကျင်း နှုတ်ခမ်းကို မြှင့်ထားရ မည်။

### ၂။ မြေပေါ်တွင်ပုံခြင်း



အမိုးအကာအောက်တွင် ဝါးကပ်များကာ၍ ပလပ်စတစ်ကန်များပြုလုပ်ပြီး တီကောင် မွေးမြူနိုင်သည်။


### ၃။ ကွန်ကရစ်ခွေများအသုံးပြု၍ မွေးမြူခြင်း




တစ်ပိုင် တစ်နိုင်မွေးမြူနိုင်သော နည်းစနစ်ဖြစ်သည်။ ကြိုက်နှစ် သက်ရာအရွယ်အစားကို အသုံးပြုနိုင်သည်။ အောက်ခြေတွင် တီစွန့်ပစ်ရည် ထုတ်နိုင်ရန် ရေထုတ်ပေါက်ပြု လုပ်ပေးရမည်။

၄။ ၄ပေအကျယ်၊ ၁၀ပေအရှည်၊ ၃ပေအမြင့်ရှိသော အုတ်ကန်များပြုလုပ်ပြီးတီကောင်မွေးမြူနိုင်သည်။ တီစွန့်ပစ်ရည်များကို အလွယ်တကူ စွန့်ပစ်နိုင်ရန် အတွက်ကန် ၏အောက်ခြေကို ဆင်ခြေလျှော ပြုလုပ် ပေးရမည်။

ကွန်ကရစ်တီကောင်မွေးမြူရေးကန်




က။ တီကောင်မွေးမည့်ကန် (၁၀ပေအရှည်၊ ၄ပေ အကျယ်၊ ၃ပေအမြင့်) ၏ အောက်ခြေတွင် သစ်ရွက်ခြောက်များကို (၄)လက်မအထူ ခင်းပေးရမည်။

ခ။ ၎င်းအပေါ်မှ သီးနှံအကြွင်း အကျန်များ စင်းထားသော ငှက်ပျောအူ၊ ဗေဒါစသော အစာစိမ်းများကို တစ်ပေအထူရ အောင် ထည့်ပေး ရမည်။

ဂ။ ၎င်းအပေါ်မှ ကောင်းစွာဆွေးမြေ့နေသောနွားချေး (၃)အိတ်ကိုဖြန့်ထည့်ပေးရမည်။ ၎င်းပုံစံအတိုင်း ထပ်မံ၍ (၂)ထပ် ထည့်သွင်းပေးပြီ ’ အစိုဓာတ်ရရှိ စေရန် ရေလောင်းပေးရမည်။

ဃ။ တီကောင်(၁၀၀၀) ကောင်ကိုနွားချေးပေါ်မှ ဖြန့်၍ ထည့်ပေးရမည်။ ၎င်းအပေါ်မှ သစ်ရွက်ခြောက်များကို (၄)လက်မခန့် ထည့်၍ ဖြန့်ပေးပြီး အုပ်ပေးရမည်။

င။ အစိုဓာတ် မပြတ်စေရန် နေ့စဉ်စစ်ဆေး၍ လိုအပ်ချိန်တွင် ရေလောင်းပေးရမည်။

စ။ အသုံးပြုသော သီးနှံအကြွင်းအကျန် ပစ္စည်းများပေါ်မူတည်၍ (၂)လမှ (၄)လ အကြာတွင် တီကောင်စွန့်ပစ်မြေသြဇာရရှိနိုင်ပြီးရရှိသောစွန့်ပစ် မြေသြဇာ အလေးချိန်၊ ပါဝင်သော အာဟာရ ဓါတ်များနှင့် တီကောင် ပွားများမှုတို့မှာ ကွာခြားသည်။

### ၅။ သစ်သားပုံးများနှင့် မွေးမြူခြင်း

၂ပေပတ်လည်၊ ၂ပေအမြင့်ရှိသောသစ်သားပုံး (၃)လုံးအားဆင့်ထားပြီးအောက်ခြေပုံးမှ လွဲ၍ ကျန်ပုံး များ၏ အောက်ဖက်မျက်နှာပြင်တွင် အပေါက်ဖောက် ထားသည်။ အောက်ဆုံးပုံးတွင် အစာနှင့်တီကောင်များ ထည့် ထားပြီး ကျန်ပုံးများတွင် စာများသာထည့်ထားသည်။ အောက်ဆုံးပုံးတွင် တီစာများ ကုန်သွားပါက အပေါ်ပုံး များသို့ တီကောင်များ တက်လာမည်။ ထိုအခါ အောက်ဆုံး ပုံးအား ဖယ်ရှားပြီးတီကောင် စွန့်ပစ်မြေသြဇာများ ရယူနိုင် သည်။

အပင်ရွက် အုပ် ဧရိယာပတ်ပတ်လည်တွင် (၆ - ၁၀) လက်မ အနက်ရအောင် ရေဝပ်ကျင်း တူးပေးပြီး တီစွန့်ပစ် မြေဆွေး ထည့်ပေးရမည်။အပေါ်မှမြေဖုံးပေးပြီး ရေလောင်းပေးရ မည်။



## တီစွန့်ပစ်မြေဆွေးပြုလုပ်ရန်အတွက်အသုံးပြုသော တီကောင်မျိုးကွဲများ


Red


Indian blue worm


Africa night crawler


Localworm

### မြေဆွေးဖယ်ထုတ်ခြင်း

တီကောင်စွန့်ပစ်မြေဆွေးထုတ်လုပ်ရန် မြေဆွေးကန်အား ရေ (၂-၃) ရက် ဖြတ်လိုက်ရမည်။ တီကောင်များ သည် ကန်အောက်ရှိ အစိုဓာတ်ရှိရာ နေရာများသို့ ရောက်ရှိ သွား မည်ဖြစ်သည်။ အပေါ်ယံ မြေဆွေးများအား ဖယ်ထုတ်ပြီး နေရိပ်တွင် အခြောက်ခံ၍ သိုလှောင် ထားနိုင်သည်။

### တီစွန့်ပစ်ရည်ထုတ်ယူသုံးစွဲခြင်း

တီကောင်စွန့်ပစ်ရည်သည် အပင်များကို လျင်မြန်စွာ ကြီးထွားစေနိုင်ပြီး ပိုးမွှားများရန်မှလည်း ကာကွယ်ပေး နိုင်သည်။ တီမွေးမြူပြီး (၃)ပတ်ခန့်ကြာမှ ထုတ်ယူ သုံးစွဲပါက ပိုမိုကောင်းမွန်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်ခွပင်များတွင် စစ်းသပ်ပက်ဖျန်းရာ အထူးဖြစ်ထွန်း သည်ကို တွေ့ရှိရသည်။

တီစွန့်ပစ်ရည်အား တီစွန့်ပစ်ရည်(၁)ဆလျှင် ရေ (၅-၁၀) ဆနှင့် ရော၍ ပန်းအလှပင်၊ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက် စိုက်ခင်းများတွင် ပက်ဖြန်းနိုင်သည်။ ၁၀ ပေ အရှည်၊ ၄ ပေ အကျယ်၊ အမြင့်၃ပေရှိ သော ကန်တစ်ကန်မှ တီစွန့်ပစ်အရည် လီတာ ၁၀၀ (၂၅ဂါလံ) ခန့် ရရှိကြောင်း တွေ့ရပါသည်။

အကယ်၍ တီစွန့်ပစ်ရည်ထုတ်သည့် ထွက်ပေါက်မပါရှိပါက တီစွန့်ပစ်မြေဆွေး စတီးဇွန်းတစ်ဇွန်း (၅၀၀ရမ်ခန့်)ကို ရေတစ်လီတာနှင့်ရော၍ ခပ်နာနာ မကြာခဏ လှုပ်ပေးပြီး တစ်ညတာထားကာ တီစွန့်ပစ်ရည်အဖြစ် အသုံးပြုနိုင် ပါသည်။







### တီစွန့်ပစ်မြေဆွေးသုံးစွဲခြင်း

၁။ လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ ပန်းအလှပင် နှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် သီးနှံ၏ မည်သည့် အသက်အရွယ်မဆို သုံးစွဲနိုင်သည်။

၂။ ယေဘုယျအားဖြင့် လယ်ယာသီးနှံများတွင် စိုက်ပျိုး ချိန်၌ တီစွန့်ပစ်မြေဆွေးများကို ၁ဧကလျှင် ၁တန်နှုန်းဖြင့် အစေ့ဖြင့် ရော၍ ကြဲပက်စိုက်ပျိုးနိုင်သည် (သို့) အပင်အမြင့် ၄-၆ လက်မရှိချိန်တွင် အတန်းလိုက်ထည့်သွင်းပေး ပြီးနောက် ပုံမှန် ရေသွင်းပေးခြင်းကို ပြုလုပ်ရမည်။

၃။ သရက်၊ ကျွဲကော၊ လိမ္မော်၊ မာလကာ စသော သစ်သီးဝလံပင်များတွင် အပင်သက်တမ်းကို လိုက်၍ တစ်နှစ်လျှင် (၄)ကြိမ်ခွဲ၍ တစ်ပင်လျှင် ၅ကီလိုဂရမ်မှ ၁၅ကီလိုဂရမ်အထိ အသုံးပြုနိုင်ပါသည်။

၄။ မုန့်ညင်း၊ ဆလပ်၊ ကိုက်လန်စသော ရွှေပြောင်း စိုက်ပျိုး ရသည့် ရွက်စားသီးနှံများတွင် ပျိုးဘောင်၌ တီစွန့်ပစ် မြေဩဇာကို (၁)ဧကလျှင် ၄၀၀ကီလိုဂရမ် နှုန်းထည့် ပေးခြင်းဖြင့် သန်စွမ်းသော ပျိုးပင်များ ရရှိနိုင်ပါသည်။

၅။ ဖရဲ၊ သခွားမွေး၊ ခရမ်းချဉ် စသော ပျိုးဘောင် စိုက်ပျိုးရသည့် သီးစားပင်များတွင် ပျိုးမြေစပ်ရာ၌ မြေဆွေး : စက်ဖွဲပြာ : တီစွန့်ပစ်မြေဆွေး ကို ၂:၁:၁နှုန်းဖြင့် အသုံးပြုပါက သန်စွမ်းသော ပျိုးပင်များရရှိမည်။

၆။ ရုံးပတီ၊ သခွား၊ ခရမ်း၊ ခရမ်းချဉ် စသော သီးနှံများတွင် မြေပြင်ချိန်၌ (၁)ဧကလျှင် ၂တန်နှုန်း ထည့်သွင်းပေးပြီး ပန်းပွင့်ချိန်နှင့် သီးကင်းဝင်ချိန်တို့တွင် (၁)ဧကလျှင် ၁.၅တန်နှုန်းဖြင့် ၂ကြိမ်ခွဲ၍ ထပ်မံ ထည့်သွင်းပေး သင့်ပါ သည်။




တီစွန့်ပစ်မြေဆွေး အသုံးပြုစိုက်ပျိုးထားသော စိုက်ခင်းများ

GREATER MEKONG SUBREGION
CORE AGRICULTURE SUPPORT PROGRAM

# တီကောင်မွေးမြူခြင်း၊ တီစွန့်ပစ်မြေဆွေး ထုတ်လုပ်မှုနှင့် တီစွန့်ပစ် သဘာဝမြေဆွေး အသုံးပြုပုံ




Vermicompost
Total N - 1.148%
Total P2O5 - 1.083%
Total K2O - 0.607%
Organic matter -21.06
pH - 6.8



Vermiwash
Total N - 0.056%
Total P2O5 - 0.009%
Total K2O - 0.179%
Organic matter - 0.415

❖ အကျိုးပြုအဏုဇီဝသက်ရှိများနှင့် တီကောင်များသည် အရေးပါသောသက်ရှိများဖြစ်ပြီး မြေဆီလွှာရှိ အာဟာရဓါတ်များကိုထိန်းသိမ်းပေးသည့်အပြင် သဘာဝ ပတ်ဝန်း ကျင်ပျက်ဆီးခြင်းကိုလည်းလျော့နည်းစေသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
Project Planning, Management and Evaluation Division
Department of Agriculture

မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်
(ADB-GMS- CASP 2)